**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)**

စာအမှတ်၊ SSE/NM/၂၄/၂၀၂၂
ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၀ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ (၁) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ (၇.၆.၂၀၂၂) ရက်စွဲပါ စာအမှတ်၊ MOEE-၁/၂(လုံခြုံရေး)(၆၆၉)/၂၀၂၂

(၂) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၉.၆.၂၀၂၂ ) ရက်စွဲပါ စာအမှတ်၊ ပဆ-(၂)/ရက(DMA) Notice (၆/၈၄)

(၃) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၄.၃.၂၀၂၂ ရက်စွဲပါ စာအမှတ်၊ SSE/NM/၁၄/၂၀၂၂

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) ကုမ္ပဏီသည် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းတွင် သဘာဝဓါတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။အဆိုပါလုပ်ငန်းများတွင် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အသင့်စောင့်ဆိုင်းလျက်ရှိသော ရေယာဉ်များ ခေတ္တရပ်နားနိုင်ရန်အတွက် (Temporary Remote Mooring Buoy) ရွှေ့လျားဖော်ယာအား (၃၁.၃.၂၀၂၂) ရက်နေ့မှ (၁၅.၆.၂၀၂၂) ရက်နေ့အထိ လုပ်ငန်းခွင်ဧရိယာအတွင်း ချထားမည်ဖြစ်ကြောင်း ရည်ညွှန်းချက်(၃)ပါစာဖြင့် ထုတ်ပြန်ဆောင်ရွက်ပြီးဖြစ်ပါသည်။ သို့ရာတွင် အဆိုပါ နေ့ရက်၌ လုပ်ငန်းများ မပြီးပြတ်သေးပါသဖြင့် (၁၆.၆.၂၀၂၂) ရက်နေ့မှ (၃၁.၇.၂၀၂၂) ရက်နေ့အထိ လုပ်ငန်းခွင်ဧရိယာအတွင်း ရွှေ့လျားဖော်ယာကို ဆက်လက်ချထားမည်ဖြစ်ပါသည်။

၂။ Temporary Remote Mooring Buoy ရွှေ့လျားဖော်ယာချထားမည့် တည်နေရာကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| <u>Object</u> | <u>Latitude</u> | <u>Longitude</u> |
|---|---|---|
| Mooring Buoy | 19° 51′ 25.76″ N | 092° 27 ′ 29.50″ E |

၃။ သို့ဖြစ်ပါ၍ (၁၆.၆.၂၀၂၂) ရက်နေ့မှ (၃၁.၇.၂၀၂၂) ရက်နေ့အထိ (Temporary Remote Mooring Buoy) ရွှေ့လျားဖော်ယာအား ဆက်လက်ချထားမည်ဖြစ်ပါသဖြင့် ရွှေ့လျားဖော်ယာချထားစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန် ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)